# လိုင်စင်ရရှိပြီး စက်သုံးဆီအရောင်းဆိုင်၏ သိုလှောင်ကန်၊ ပန့်ဆိုင်၊ Canopy၊ အဆောက်အဦများ တိုးချဲ့တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သက်ဆိုင်ရာလုပ်ငန်းရှင်များမှ အဆိုပြုတင်ပြထားသည့် Layout Plan တွင် ရေးဆွဲဖော်ပြထားသော မြေအကျယ်အဝန်း၊ ရုံးအဆောက်အဦ၊ ပန့်တိုင်များ၊ Canopyနှင့် သိုလှောင်ကန်များ၏ တည်နေရာအကွာအဝေး၊ သိုလှောင်ကန်ပမာဏများသည်လည်း ကောင်း၊ Design & Detail Drawing များအရ တည်ဆောက်မည့် သိုလှောင်ကန်များ သည်လည်းကောင်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိသည့်အပြင် အများဆုံးခွင့်ပြုပေး နိုင်သည့် ဂါလန်မာဏအတွင်းရှိသည်ကို စိစစ်တွေ့ရှိရသည့်အတွက် Layout Plan, Design & Detail Drawing များတွင် ရေးဆွဲဖော်ပြထားသည့်အတိုင်း သတ်မှတ် ချက်များနှင့်အညီ တိုးချဲ့တည်ဆောက်သွားမည်ဆိုပါက ခွင့်ပြုပေးနိုင်ပါကြောင်း တိုင်းဒေသကြီး/ ပြည်နယ် ရေနံထွက်ပစ္စည်းများတင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီသို့ လုပ်ငန်းရုံးချုပ်မှ စာဖြင့်ပေးပို့ အကြောင်းကြားလာသည့်အခါ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများသို့ တင်ပြပေး နိုင်ရန် လုပ်ငန်းရုံးချုပ်မှ ပေးပို့အကြောင်း ကြားလာသောစာကို ရည်ညွှန်း၍ **“လုပ်ငန်း ရုံးချုပ်မှ ခွင့်ပြုသတ်မှတ်ဖော်ပြထားသော အကွက်ချ ပုံစံ(Layout Plan, Design & Detail Drawing)ပါအတိုင်း စနစ်တကျတည်ဆောက်သွားမည်ဆိုပါက ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက် ”** ကို ထုတ်ပြန်ပေးသင့်ပါကြောင်း ဖြည့်စွက် အကြံပြုတင်ပြ အပ်ပါသည်။

**ဆောင်ရွက်ရန်အချိန်ကာလသတ်မှတ်ချက်**

၂။ သက်ဆိုင်ရာအထောက်အထားများပြည့်စုံလျှင် တိုင်းဒေသကြီး/ပြည်နယ် ရေနံထွက် ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်းများ

ထိန်းသိမ်း ကြီးကြပ်ရေးဆပ်ကော်မတီမှ ရက်သတ္တတစ်ပါတ်အတွင်း စိစစ်ဆောင်ရွက် တင်ပြပေးပါမည်။

**စစ်ဆေးကြီးကြပ်ဆောင်ရွက်ရန်**

၃။ စိစစ်ထောက်ခံချက်တင်ပြပေးခြင်းသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ (၁၈-၁-၂၀၁၅) ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်-စီမံ/ ၀၂ / ၃ (၄၃၆၆) ၂၀၁၅ ဖြင့် ထုတ်ပြန်ထားချက်အရ လိုင်စင်ရရှိပြီးဆိုင်၏ ဧရိယာအကျယ်အဝန်းများအပေါ် စိစစ်၍အများဆုံး ခွင့်ပြုပေးနိုင်သော ဂါလန်ပမာဏနှင့် သိုလှောင်ကန်၊ ပန့်တိုင်၊ အဆောက်အဦများ အကွာအဝေးကိုက်ညီမှုရှိမှသာ လုပ်ငန်းရုံးချုပ်မှ ထပ်မံတိုးချဲ့ ခွင့်ပြုကြောင်းစာဖြင့် ထုတ်ပြန်ပေးခြင်းဖြစ်ပြီး တိုးချဲ့ထားသော သိုလှောင်ကန်များအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ပေးအပ်ထားသော စစ်ဆေးရေးအဖွဲ့များမှ ကွင်းဆင်းစစ်ဆေး၍ သတ်မှတ်ချက်များနှင်ကိုက်ညီမှသာ သိုလှောင်ခွင့်လိုင်စင်ကို ခွင့်ပြုထုတ်ပေးမည်ဖြစ်ပြီး သိုလှောင်ခွင့် လိုင်စင်ရရှိသည့် အခါမှသာ ဖြန့်ဖြူး ရောင်းချခွင့်လိုင်စင်များကို သက်ဆိုင်ရာလုပ်ငန်းရုံးချုပ်များမှ ထုတ်ပေးမည် ဖြစ်ပါသဖြင့် ထိုလိုင်စင်များရရှိပြီးပါက တိုင်းဒေသကြီး/ပြည်နယ် ၊ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ချက်လုပ်၊ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီမှ စစ်ဆေးဆောင်ရွက်နိုင်ပါသည်။